**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

## ၈၈ (ငြိမ်း၊ ပွင့်)မှ မနီလာသိန်းဖမ်းဆီးခံရမှုအပေါ် သဘောထားကြေညာချက်

ရက်စွဲ။ ` ။ ဖေဖော်ဝါရီလ ၂၅ ရက်၊ ၂၀၁၆ ခုနှစ်

ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ၈၈ ငြိမ်းချမ်းရေးနှင့်ပွင့်လင်းအဖွဲ့ မှ အမျိုးသမီးရေးရာဌာန အတွင်းရေးမှူးဖြစ်သူ မနီလာသိန်းအား မရမ်းကုန်မြို့နယ် တရားရုံးမှ အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင် ချုပ်နှောင်ရန် အမိန့်ချမှတ်ခဲ့ပြီး ထိုနေ့တွင်ပင် အင်းစိန်ထောင်သို့ ပို့ဆောင် ချုပ်နှောင်ခဲ့သည်။

မနီလာသိန်းအား ပြီးခဲ့သည့်နှစ် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် လက်ပံတန်းကျောင်းသားသပိတ်အား ထောက်ခံဆန္ဒပြခဲ့သည်ကို ဘုရင့်နောင်နယ်မြေ ရဲစခန်းမှ တနှစ်ကြာသည့်အချိန်မှ ငြိမ်း၊ စု၊ စီ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ မနီလာသိန်းနှင့်အတူ ဗကသ ကျောင်းသားခေါင်းဆောင် မဖြိုးဖြိုးအောင်နှင့် ကိုလင်းထက်နိုင်တို့ကိုလည်း တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

နယ်မြေရဲစခန်းအနေနှင့် နေရပ်လိပ်စာ မမှန်ပဲ အတည်ပြုပြီး ဂရမ်းထုတ်ခဲ့ခြင်းသည် နယ်မြေရဲစခန်း၏ တာဝန်မဲ့မှုကို ပေါ်လွင်စေပါသည်။ တရားဥပဒေနှင့်လည်း ညီညွတ်မှုမရှိပေ။

မနီလာသိန်းအား ယခုကဲ့သို့ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခြင်းသည် အာဏာပိုင်များမှ ငြိမ်း၊စု၊စီ ပုဒ်မအား လိုရင် လိုသလို၊ လိုအပ်သည့်အချိန်တွင် အသုံးပြုပြီး ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများကို နှိပ်ကွပ်သည့် လက်နက်သဖွယ် အသုံးချနေကြောင်း ဖော်ပြလျှက်ရှိပါသည်။

ထိုကဲ့သို့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးလှုပ်ရှားနေသူများကို ပုဒ်မမျိုးစုံဖြင့် ဖမ်းဆီးအရေးယူနေခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအရေးနှင့် ငြိမ်းချမ်းရေးဆောင်ရွက်ချက်များကို များစွာ အနှောင့်အယှက် အဟန့်အတားဖြစ်စေပါသည်။ ထိုသို့ လုပ်ဆောင်နေသမျှ မြန်မာနိုင်ငံတွင် တိုင်းပြည်တည်ငြိမ် အေးချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဦးမည်သာဖြစ်သည်။

ထို့ကြောင့် လက်ရှိအစိုးရနှင့် ပြည်ထဲရေးဝန်ကြီးဌာန အနေဖြင့် တိုင်းပြည်၏ အကျိုးစီးပွားကို ရှေ့ရှုလျှက် ထိုသို့ တရားလက်လွတ် ဖမ်းဆီးအရေးယူခြင်းများကို ချက်ချင်းရပ်တန့်ပြီး ကျန်ရှိ နိုင်ငံရေးအကျဉ်းသားများ၊ တရားရင်ဆိုင်ရသော နိုင်ငံရေးတက်ကြွသူများ၊ လူ့အခွင့်အရေးလှုပ်ရှားဆောင်ရွက်သူများအား အမြန်ဆုံး လွှတ်ပေးရန် တိုက်တွန်း တောင်းဆိုလိုက်ပါသည်။

ယနေ့အချိန်တွင် အေအေပီပီ၏ မှတ်တမ်းများအရ နိုင်ငံရေးအကျဉ်းသား ၈၈ ဦးနှင့် နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးအရ တောင်းဆိုဆန္ဒပြမှုများဖြင့် တရားရင်ဆိုင်နေရသူ ၄၁၂ ဦး ရှိနေသည်။ ထိုအထဲမှ ၁၂၉ ဦးမှာ အကျဉ်းထောင်ထဲတွင် ချုပ်နှောင်ထားခြင်းခံရပြီး အမှုရင်ဆိုင်နေရသူများဖြစ်သည်။

**ဆက်သွယ်မေးမြန်းရန်**

**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)**

**ကိုတိတ်နိုင်   အတွင်းရေးမှူး   +၆၆(၀) ၈၁၂၈ ၇၈ ၇၅၁**

**ဘိုကြည်   တွဲဘက်အတွင်းရေးမှူး   +၆၆(၀) ၈၁ ၉၆၂၈ ၇၁၃**